# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စာအမှတ်၊ မကမ-၀၁/ငွေလုံးငွေရင်း/၂၀၂၄(၀၉၆၃ )

ရက် စွဲ ၊ ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

အကြောင်းအရာ။ **အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၊ တင်ဒါကော်မတီဖြင့် တင်ဒါစည်းကမ်းချက်များနှင့်အညီ ဈေးနှုန်းစိစစ်ရွေးချယ် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot No | DESCRIPTION OF EQUIPMENT | QTY |
|---|---|---|
| 1 | လယ်ဝေးမြို့နယ်ရှိအမှုထမ်းအိပ်ဆောင် (၁၂၀ပေx ၅၀ပေx ၁၄ပေ) အမိုးအသစ် မိုးခြင်းလုပ်ငန်း၊ | Lot 1 |
| 2 | (က) SEZ ရုံးအဆောက်အဦ (အလျား၅၀ပေxအနံ၃၀ပေx အမြင့်၁၂ပေ) ကြွေပြားခင်းခြင်းလုပ်ငန်း၊<br>(ခ) Steel Structure Building(၄)ခန်းတွဲ သန့်စင်ခန်း (၂၀ပေx၅ပေx၈ပေ)ဆောက်လုပ်ခြင်း၊ အခြားဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း၊<br>(ဂ) ဥပဒေအကြံပေးရုံးခန်းAluminum Power Coat Partition (၁၈၂.၉၁ စတုရန်းပေ) ကာရံခြင်းလုပ်ငန်း၊ | Lot 2 |
| 3 | (က) မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရှေ့မျက်နှာစာ (အလျား ၁၀၃ပေxအနံ၂၇ပေx ထုဗလက်မ) ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း<br>(ခ) ကုန်သွယ်မှုဗဟိုဌာနပြခန်း(၂၇'x ၂၄'x၁၀')အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ | Lot 3 |

၂။ တင်ဒါတင်သွင်းမည့်သူများသည် အောက်ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများကို ဝန်ကြီးဌာန၊ တင်ဒါကော်မတီဝင်များ ရှေ့မှောက်ရှိ တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

( ခ ) တင်ဒါယှဉ်ပြိုင်သူများသည် ဝင်ရောက်ယှဉ်ပြိုင်မည့်တင်ဒါစပေါ်ငွေအား မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် (P.O Cheque)ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခြင်းမရှိသောကုမ္ပဏီများ၏ တင်ဒါစပေါ်ငွေအား (၇)ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

( ဂ ) ဝန်ကြီးဌာန၊ တင်ဒါကော်မတီမှ ရွေးချယ်သူထံမှသာ သတ်မှတ်ချက်များနှင့်အညီ စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) ဝန်ကြီးဌာန ၊ တင်ဒါကော်မတီဝင်များရှေ့မှောက်တွင် တင်ဒါယှဉ်ပြိုင်မည့် ကုမ္ပဏီများမှ Lot အလိုက်တင်သွင်းမည့် လုပ်ငန်းများအား အမျိုးအစားအလိုက် BQ, Estimate များနှင့်အတူ တင်ပြသွားရမည်ဖြစ်ပြီး တင်ဒါပွဲလာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင်(သို့မဟုတ်) ကုမ္ပဏီမှတာဝန်ခံနိုင်သည့် အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်း တရားဝင်စာပူးတွဲတင်ပြနိုင်မည့် ကိုယ်စားလှယ်ဖြစ်ရမည်။

( င ) အဆိုပြုလွှာတွင် ဖော်ပြထားသော ဈေးနှုန်းတန်ဘိုးမှာ မြန်မာကျပ်ငွေဖြစ်ရမည်။

( စ ) တင်ဒါတင်သွင်းသည့် Lot တစ်ခုချင်းအလိုက်ဌာနမှ သတ်မှတ်ထားသည့်အသေးစိတ် စံချိန်စံညွှန်း Specification များအတိုင်းလိုက်နာဆောင်ရွက်ရမည်။

( ဆ ) ရွေးချယ်ခံရပါက လုပ်ငန်းရွေးချယ်ခြင်းအတွက် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ပင်ရင်းမှဖြတ်တောက်ခွန်(၂%) ဖြတ်တောက်၍ပေးသွင်းရန်နှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)၊ တံဆိပ်ခေါင်းခွန်(၁%)ပေးသွင်းရန်သဘောတူရမည်။

( ဇ ) တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၂၀၀၀/- နှုန်းဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီမံရေးရာဌာနခွဲတွင် ဝယ်ယူရမည်ဖြစ်ပါ သည်။

၃။ သို့ဖြစ်ပါ၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုချက် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အထက်ဖော်ပြပါ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအား ဝန်ကြီးဌာနတင်ဒါကော်မတီဖြင့် တင်ဒါစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ တင်ဒါလာရောက်ယှဉ်ပြိုင် ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်နေ့ - ( ၁၀ - ၅ -၂၀၂၄ မှ ၂၄ - ၅ -၂၀၂၄ ရက်နေ့ထိ )

တင်ဒါကော်မတီဖြင့် - (သီးခြားထပ်မံအကြောင်းကြားပါမည်)

ဈေးနှုန်းစိစစ်မည့်ရက်

ကျင်းပမည့်နေရာ - ရုံးအမှတ် (၃)၊ အစည်းအဝေးခန်းမ ၊ စီးပွား/ကူးသန်း

ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၈၆၁၃

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(နေဆန်း၊ ညွှန်ကြားရေးမှူး )

ဖြန့်ဝေခြင်း ( ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန် )

ညွှန်ကြားရေးမှူး ၊ စီမံရေးရာဌာနခွဲ ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ---------------မြို့

ညွှန်ကြားရေးမှူး၊ --------------------------------ဌာနခွဲ

(ဆောက်လုပ်ရေးကုမ္ပဏီများသို့ ဖိတ်ခေါ်ပေးနိုင်ပါရန်)

မျှော/လက်ခံ